ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၁၈.၁၂.၂၀၁၉)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်လျှပ်စစ် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၇.၁၂.၂၀၁၈)ရက်၌ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် တင်သွင်းသည့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာပါ သဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၂၄.၁.၂၀၁၉) ရက်၊ (၂၅.၁.၂၀၁၉) ရက်၊ (၂၈.၁.၂၀၁၉)ရက်၊ (၁၂.၉.၂၀၁၉)ရက်၊ (၁၃.၉.၂၀၁၉) ရက်နှင့် (၁၉.၁၁.၂၀၁၉)ရက်နေ့များတွင် (၆)ကြိမ်တိုင်တိုင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်း တို့မှ တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၃)ဦးမှ ပေးပို့လာသောပြင်ဆင်ရန် အကြံပြုချက်များအား စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြု ချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (က)နှင့်အညီ ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ(မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး၌ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်က တင်သွင်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ဖြင့် ထုတ်ပြန်ခဲ့သည့် လျှပ်စစ်ဥပဒေကို ကိုးကား၍ ပြုစုရေးဆွဲတင်ပြထားခြင်းဖြစ်ပါ တယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၀)ခန်း၊ ပုဒ်မပေါင်း(၃၄)ခု ပါဝင်ပြီး ပြင်ဆင် ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး ဤအစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခုရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းစီကို စာမျက်နှာ အလိုက်တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီက အမှတ်စဉ်တစ်ခုချင်းအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** တင်ပြချက်။ ဥပဒေ (မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ ခေါင်းစဉ် အဖြစ် ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေး ဆိုင်ရာဥပဒေဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၁ အဖြစ် ဤဥပဒေကို ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟုခေါ်တွင် စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဂ) အဖြစ် ဝန်ကြီးဌာန ဆိုသည်မှာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန သို့မဟုတ် ဤဥပဒေတွင် ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဃ) အဖြစ် ဝန်ကြီးဆိုသည်မှာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာဝန်ကြီးကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င) အဖြစ် စစ်ဆေးရေးမှူးချုပ်ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၄) လျှပ်စစ်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးဌာနက ခန့်အပ်သောပုဂ္ဂိုလ်ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မူလဥပဒေကို တင်သွင်းသည့် အဆိုရှင်ဖြစ်ပါ တယ်။ ဥပဒေခေါင်းစဉ် အခန်း(၁) ဥပဒေပုဒ်မ(၁) (၂)ခုကို ဆွေးနွေးချင်ပါတယ်။

မူလအဆိုပြုချက်အနေဖြင့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေကို တင်သွင်းခဲ့ပါတယ်။ ပြင်ဆင်ရန် အကြံပြုချက်တွင် ရှမ်းပြည်နယ် အလတ်စား၊ အသေးစား လျှပ်စစ်ခတ်အား ထုတ်လုပ်ရေး ဖြန့်ဖြူးရေး ဆိုင်ရာဥပဒေဆိုပြီး ဥပဒေကြမ်းကော်မတီက တင်သွင်းတာရှိပါတယ်။ မိမိအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)၏ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေပြုစာရင်း အပိုဒ်(၄) စွမ်းအင်လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအပိုဒ်(က)မှာ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာခတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟု ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်အရ ပြည်ထောင်စုမှ စီမံခန့်ခွဲခွင့် ရှိတာသည် အကြီးစားလျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဖြစ်ပြီး ၎င်းကိုလက်ရှိမှာ ၂၀၁၄ ပြည်ထောင်စု လျှပ်စစ်ဥပဒေဟု ခေါ်တွင်ပြီး လက်ရှိ ကျင့်သုံးနေတာဖြစ်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိတာသည် အလတ်စားနှင့်အသေးစား လျှပ်စစ်ခတ်အားထုတ်လုပ် ဖြန့်ဖြူးရေးဖြစ် ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ ဟု ခေါ်မည်ဆိုလျှင်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အချက်များနှင့် ဆန့်ကျင်ခြင်းမရှိလို့မြင် ပါတယ်။ ရှမ်းပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ရေမြေသဘာဝခြင်း မတူညီသည့်အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့် နှိုင်းယှဉ်ပြောပြရမည် ဆိုပါက ရှမ်းပြည်နယ် လျှပ်စစ်ဟု ခေါ်တွင်လိုက်သည်နှင့် မဂ္ဂါဝပ် ၃၀ နှင့်အောက်ဆိုသည်ကို အလိုအလျောက် နားလည်ပြီး ဖြစ်သည့်အတွက် ပြည်ထောင်စု ဥပဒေဖြစ်သည့်အပြင် ၂၀၁၄ လျှပ်စစ်ဥပဒေနှင့်လည်း ဆန့်ကျင်ခြင်းမရှိသည့်အတွက် ကျွန်တော့်အနေနဲ့ အလတ်စား၊ အသေးစား လျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေဆိုတဲ့ စကားရပ်အစား မူလအဆိုပြု သည့်အတိုင်းပဲ ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေလို့ ခေါ်တွင်စေချင်ပါတယ်။ ၂၀၁၄ လျှပ်စစ် ဥပဒေကို ပြည်ထောင်စုအကြီးစား လျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေလို့ မခေါ်သလိုပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ စီမံခန့်ခွဲခွင့် ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ခတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာဥပဒေဟု ခေါ်မည့်အစား ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေလို့ ခေါ်တွင်စေလိုကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူလိုပါကြောင်း ဆွေးနွေး တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ဦးစိုင်းလင်းမြတ်က ကန့်ကွက်၍ ဥပဒေ(မူကြမ်း)ပါ ဖော်ပြထားသည့်အတိုင်း ထားရှိရန် တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအမှတ်စဉ်ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒကို စက်ခလုတ်သုံး၍ ရယူပါမယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ထောက်ခံဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ကန့်ကွက်ဆန္ဒမဲပေးရန်ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်မှာ အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက ဦးစိုင်းလင်းမြတ် တင်ပြသည့်အတိုင်း ဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်သည် အတည်ဖြစ်မှာဖြစ်ပါ တယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၆၆)၊ ကြားနေ(၂)မဲ၊ ကန့်ကွက်ဆန္ဒမဲ(၄၇)၊ မဲမပေး (၁)မဲ၊ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ ကျန်အမှတ်စဉ် ၂၊ ၃၊ ၄၊ ၅၊ ၆ ကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အတိုင်းပဲ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(စ) အဖြစ် ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်း ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ရန် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ၂(ဆ) အဖြစ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဌာနအကြီးအမှူးကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)ကို ပုဒ်မ ၂(ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဇ) အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းဆိုသည်မှာ ပြည်နယ်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊

တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း၊ ကွပ်ကဲခြင်း နှင့် လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းတို့ ပါဝင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ရပ်ရပ်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဈ) အဖြစ် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းဆိုသည်မှာ ၅၀ဝ ကီလိုဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(စ)ကို ပုဒ်မ ၂(ည)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇) မှ (၁၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ည) အဖြစ် အသေးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းဆိုသည်မှာ ၅၀ဝ ကီလိုဝပ် အထက်မှ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဋ) အဖြစ် အလတ်စား လျှပ်စစ်ဆိုင်ရာလုပ်ငန်းဆိုသည်မှာ ၁၀ မဂ္ဂါဝပ် အထက် မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဆ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဇ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ)ကို ပုဒ်မ ၂ (ဋ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၃)မှ(၁၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၃) မှ (၁၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဋ) အဖြစ် လုပ်ငန်းလိုင်စင် ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများဖြစ်သော ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသော နယ်စပ်ဒေသများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ လျှပ်စစ်ဓာတ်အားကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဍ) အဖြစ် ခွင့်ပြုမိန့် ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် အစိုးရအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၂၀)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဃ) အဖြစ် လျှပ်စစ်ဓာတ်အား ဆိုင်ရာ လုပ်ကိုင်ခွင့်ဆိုသည်မှာ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများလုပ်ကိုင်ခွင့်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ည) ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၈)မှ(၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၈) မှ (၂၁) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဋ)ကို ပုဒ်မ ၂ (ဏ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဏ) အဖြစ် မဟာဓာတ်အားလိုင်းနှင့် အပြန်အလှန်ဆက်သွယ်ရေး ခွင့်ပြုမိန့် ဆိုသည်မှာ တစ်နိုင် တစ်ပိုင်၊ အသေးစား၊ အလတ်စား ဓာတ်အားလိုင်းစနစ်မှ မဟာဓာတ်အားလိုင်းသို့ သီးသန့်ဓာတ်အား ပို့လွှတ်သည့် စနစ်တစ်ခု အတွက် အပြန်အလှန် ဆက်သွယ်ရန် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန် ပေးအပ်ထားသော သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါ တယ်။

အမှတ်စဉ်(၂၄) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဌ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၂၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဥ)ကို ပုဒ်မ ၂(တ)အဖြစ်၊ ပုဒ်မ ၂(ဃ) ကို ပုဒ်မ ၂ (ထ)အဖြစ်၊ ပုဒ်မ ၂ (ဏ)ကို ပုဒ်မ ၂(ဒ)အဖြစ်၊ ပုဒ်မ ၂ (တ)ကို ပုဒ်မ ၂(ဓ)အဖြစ်၊ ပုဒ်မ ၂ (ထ)ကို ပုဒ်မ ၂(န) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(တ)အဖြစ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဆိုသည်မှာ နည်းပညာတစ်ခုခုကို အသုံးပြု၍ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆိုသည်ဟု ပြင်ဆင်သင့်ပါသည်။

အမှတ်စဉ် (၂၂)မှ(၂၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၂) မှ (၂၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၇)ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂(ဓ)အဖြစ် လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းဆိုသည်မှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ထောင်စုအဆင့်မှ ခွင့်ပြုသော ပြည်ပမှဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူနှင့် ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဒ) ကို ပယ်ဖျက်သင့်ပါတယ် ။

အမှတ်စဉ်(၂၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဓ)ကို ပုဒ်မ ၂ (ပ)အဖြစ်၊ ပုဒ်မ ၂ (န)ကို ပုဒ်မ ၂ (ဖ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ) အဖြစ် မဟာဓာတ်အားလိုင်းစနစ် ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက် ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း ပြုလုပ်နေသော တစ်နိုင်ငံ လုံးနှင့် သက်ဆိုင်သော စနစ်ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၇)မှ(၃၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၇) မှ (၃၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၁) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဖ)အဖြစ် အသေးစားလျှပ်စစ် ဓာတ်အားစနစ်ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ယူနစ်တစ်ခုပါဝင်ပြီး တစ်ဦးထက်ပိုသော သုံးစွဲသူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်တစ်ရပ်ကို ဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဗ)အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေး လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ပ)ကို ပုဒ်မ ၂(ဘ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၄)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဘ)အဖြစ် လျှပ်စစ်ဓာတ်အား သုံးစွဲသူ ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူကိုဆိုသည်ဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၃၅)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဖ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၂၈)မှ(၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၈) မှ (၃၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၆) ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဗ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၇)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(ဘ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၃၈)ဖြစ်ပါတယ်။ မူလ အခန်း(၁)၊ ပုဒ်မ ၂(မ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ အဖြစ် ဤဥပဒေ၏ ရည်ရွယ်ချက် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခြင်းဖြင့် လူနေမှုဘဝ မြင့်မားလာစေရန်၊

(ခ) ပြည်နယ်အတွင်း အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ဂ) ရှမ်းပြည်နယ်၏ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံစည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(ဃ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ထိုက်သင့်သော အခွန်အခများ တိုးတက်ရရှိစေရန်၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်စေရန်၊

(စ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၈)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ဂေဟစနစ်ဆိုင်ရာအခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်များ၊ မြစ်ချောင်းများနှင့် ယင်းတို့ရှိ လူသားနှင့် လူသားမဟုတ်သည့် သက်ရှိများ ဘဝရှင်သန်ရေးအခွင့်အရေး၊ လေးစားအသိအမှတ်ပြုခံရမှု အခွင့်အရေး၊ အသက်ခန္ဓာ ရပ်တည်ရေးအတွက် ရေထုဆိုင်ရာအခွင့်အရေး၊ သန့်ရှင်းသည့် လေထုဆိုင်ရာအခွင့်အရေး၊ ခန္ဓာကိုယ်ကျန်းမာရေးနှင့် သက်သောင့်သက်သာရှိပိုင်ခွင့်နှင့် လေထု၊ မြေထု၊ ရေထုတို့ ညစ်ညမ်းခြင်းမှ ကင်းလွတ်ပိုင်ခွင့်နှင့် ဤအခွင့်အရေးများကို ဖောက်ဖျက် ခံရပါက အနီးစပ်ဆုံး မူလအနေအထားသို့ ပြန်လည်ရရှိပိုင်ခွင့်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၆)မှ(၄၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၆) မှ (၄၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် အမှတ်စဉ်(၃၈) မူလဥပဒေတွင် ပါရှိသည့် ရန်ပုံငွေ ဆိုသည်မှာ ပုဒ်မ ၂၂ တွင် အဓိပ္ပာယ်သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားအကျိုး သက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေကိုဆိုသည် ဆိုတဲ့အချက်ကို ထပ်မံပြန်လည်ဖြည့်စွက် ချင်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အမှတ်စဉ် (၁၅၅) အခန်း(၇) လျှပ်စစ်ဓာတ်အား အကျိုး သက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေဆိုတဲ့ အခန်း(၇) ခေါင်းစဉ်အောက်မှာရှိတဲ့ ပုဒ်မ၂၂၊ ၂၃၊ ၂၄၊ ၂၅ ကို ကိုယ်စားပြုမည့် အဓိပ္ပာယ်ဖွင့် ဆိုချက်ဖြစ်ပါတယ်။ လျှပ်စစ်ဥပဒေတွင် တစ်နိုင် တစ်ပိုင်ကို ၅၀၀ ကီလိုဝပ် ပေးထားပါတယ်။ တကယ်လို့ စီမံကိန်းများဝင်လာပါက ၅၀၀ ကီလိုဝပ်ဆိုသည်မှာ သေးငယ်သည့် ပမာဏမဟုတ်ပါဘူး၊ စီမံကိန်းများလုပ်တိုင်း သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက် စေမည့် Environmental Impact, Social Impact, Health Impact ကိစ္စရပ်များဖြစ်ပေါ် လာမယ်ဆိုရင် ဒါတွေကို တာဝန်ယူမှု၊ တာဝန်ခံမှုအနေဖြင့် သက်ရောက်မှု တွေအတွက် ပြန်ပြီးကုစားပေးဖို့ ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီများမှ ထပ်ပြီး Percentage အလိုက် ပြန်လည်ထည့်ဝင် ပေးသည့် ဖွံ့ဖြိုးရေးရန်ပုံငွေ (CSR)များကို ယခုလက်ရှိ သတ္တုတူးဖော်ရေး လုပ်ငန်းများတွင်လည်း ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ အဲ့ဒီအတွက် ယင်းခေါင်းစဉ်ကို အဓိပ္ပာယ် ဖွင့်ဆိုပြီး ရေးထားတဲ့ အခန်း(၇) ပုဒ်မပါ ပြန်လည်ဖြည့်စွက်ချင်တဲ့အတွက် လွှတ်တော်၏ သဘောဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၈)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို ဥပဒေတင်သွင်းသူက ကန့်ကွက်ပြီး ဥပဒေ (မူကြမ်း)ပါ မူလအဆိုပြုချက်အတိုင်းထားရှိရန် တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအမှတ်စဉ်နှင့်

ပတ်သက်ပြီး လွှတ်တော်၏ဆန္ဒကို စက်ခလုတ်အသုံးပြု၍ ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ထောက်ခံဆန္ဒမဲပေး၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၆၃)၊ ကြားနေ (၅)မဲ၊ ကန့်ကွက်ဆန္ဒမဲ (၄၃)၊ ဆန္ဒမပြု (၅)မဲ၊ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၁) ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(ခ) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ)ကို ပုဒ်မ ၄ (ခ)အဖြစ်၊ ပုဒ်မ ၄ (ဃ)ကို ပုဒ်မ ၄(ဂ) အဖြစ်ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၃) ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ဂ) အဖြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးလွှမ်းခြုံသည့် ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရေး၊ ရှမ်းပြည်နယ်တွင် စီးပွားရေးနှင့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အားလုံးလွှမ်းခြုံသည့် ငြိမ်းချမ်းသာယာသော လူမှုဘဝတိုးတက်စေရန်၊ ကွဲပြား၍ ကျယ်ပြန့်မှုကို အခြေခံသော ပူးပေါင်းပါဝင်မှုကို အထောက်အကူပေးရန်၊ အားလုံးအတွက် ကုန်ကျစရိတ်သက်သာပြီး စိတ်ချယုံကြည်ရသည့် စွမ်းအင်ကို တရားမျှတစွာ ရရှိခံစားခွင့်ရရန်၊ စွမ်းအင်အရင်းအမြစ်များကို စဉ်ဆက်မပြတ် အလွယ်တကူသုံးစွဲရေးနှင့် အသုံးပြုခွင့်ရရှိရေးကိုအားပေးရန်နှင့် အဆင့်တိုင်းတွင် ထိရောက်ပြီး တာဝန်ခံမှုရှိသည့် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရေးတို့ကို ဆောင်ရွက်ရမည်ဟု ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၄၁)မှ(၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၁) မှ (၄၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဋ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၄) ဖြစ်ပါတယ်။ မူလ အခန်း(၃)၊ ပုဒ်မ ၄(င) ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၄)ခေါင်းစဉ် အဖြစ် ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၆) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်-

(က) ဝန်ကြီး၊ ဥက္ကဋ္ဌ

( ခ) သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များ

( ဂ) သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အဖွဲ့ဝင်များ

(ဃ) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ အတွင်းရေးမှူးဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၄၄)မှ(၄၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၄)မှ (၄၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၇) ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ အဖြစ် အစိုးရအဖွဲ့သည် ပုဒ်မ ၅ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့သက်တမ်းနှင့်အညီ သတ်မှတ်နိုင်သည်။ ဝန်ကြီးသည် ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ဖွဲ့စည်းပေးနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၄)ကို အခန်း(၅) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၄၉) ဖြစ်ပါတယ်။ အခန်း(၅) ခေါင်းစဉ်အဖြစ် ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ ပုဒ်မ ၅ ကို ပုဒ်မ ၇ အဖြစ်၊ ပုဒ်မ ၅(က)ကို ပုဒ်မ ၇(က)အဖြစ်၊ ပုဒ်မ ၅(ခ) ကို ပုဒ်မ ၇(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(က) အဖြစ် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များနှင့်အညီ ရှမ်းပြည်နယ်တွင် စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သည့် မဟာဗျူဟာများ၊ မူဝါဒ၊ စီမံကိန်း၊ ရည်မှန်းချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၇(ခ) အဖြစ် ပုဒ်မ ၂၆ တွင် သတ်မှတ်ထားသည့်အတိုင်း ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အားလုပ်ငန်း ဆောင်ရွက်ချက်များကို စည်းမျဉ်း စည်းကမ်းများအရ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လိုင်စင်များထုတ်ပေးရန်နှင့် ယင်းလိုင်စင်များ ထုတ်ပေးရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ရှိပါက သက်ဆိုင်ရာတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့၏ သဘောထား မှတ်ချက်ရယူရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၇)မှ(၅၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၇) မှ (၅၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၃) ဖြစ်ပါတယ်။ မူလ အခန်း(၄) ပုဒ်မ ၅(ဂ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၅၄) ဖြစ်ပါတယ်။ ပုဒ်မ ၅ (ဃ)ကို ပုဒ်မ ၇ (ဂ) အဖြစ်၊ ပုဒ်မ ၅ (င)ကို ပုဒ်မ ၇(ဃ) အဖြစ်၊ ပုဒ်မ ၅ (စ)ကို ပုဒ်မ ၇ (င) အဖြစ်၊ ပုဒ်မ ၅ (ဆ)ကို ပုဒ်မ ၇ (စ) အဖြစ်၊ ပုဒ်မ ၅ (ဇ)ကို ပုဒ်မ ၇ (ဆ) အဖြစ်၊ ပုဒ်မ ၅ (ဈ)ကို ပုဒ်မ ၇ (ဇ) အဖြစ်၊ ပုဒ်မ ၅ (ည)ကို ပုဒ်မ ၇ (ဈ) အဖြစ်၊ ပုဒ်မ ၅ (ဋ)ကို ပုဒ်မ ၇ (ည) အဖြစ်၊ ပုဒ်မ ၅ (ဌ)ကို ပုဒ်မ ၇ (ဋ) အဖြစ်၊ ပုဒ်မ ၅ (ဍ)ကို ပုဒ်မ ၇(ဌ) အဖြစ်၊ ပုဒ်မ ၅ (ဎ)ကို ပုဒ်မ ၇ (ဍ) အဖြစ်၊ ပုဒ်မ ၅ (ဏ)ကို ပုဒ်မ ၇ (ဎ) အဖြစ်၊ ပုဒ်မ ၅ (တ)ကို ပုဒ်မ ၇ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၅၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဃ) အဖြစ် မဟာဓာတ်အားလိုင်း တိုးချဲ့သည်နှင့်အမျှ တိုးချဲ့လာသည့်ဒေသအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်ပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(င) အဖြစ် မဟာဓာတ်အားလိုင်းပြင်ပ သို့မဟုတ် အသေးစားဓာတ်အားလိုင်းနယ်မြေများတွင် လျှပ်စစ်ဝန်ဆောင်မှု လုပ်ငန်းများ ဖြည့်ဆည်းပေးရေးအတွက် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများနှင့် နှုန်းထားများအား ညှိနှိုင်းဆောင်ရွက်ပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဇ)အဖြစ် လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်း များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်စံနှုန်းများကို အများပြည်သူသိရှိစေရန်အတွက် ထုတ်ပြန် ကြေညာပေးရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၈) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဈ) အဖြစ် ဝန်ကြီးဌာန၏ အများပြည်သူနှင့်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ရန်၊ အများပြည်သူနှင့် အဓိကသက်ဆိုင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတိုးမြှင့်ရန်၊ သတင်းအချက်အလက်တို့ကို ပွင့်လင်းမြင်သာစွာ သိရှိစေရန်နှင့် အခြားဝန်ကြီးဌာနများ သို့မဟုတ် အစိုးရဌာနများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအသိုင်းအဝိုင်းများနှင့် အများပြည်သူတို့ကို အကျိုးထိခိုက်နိုင်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ပညာပေးရန်နှင့် အသိပေးအကြောင်းကြားရန်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဋ) အဖြစ် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စားလျှပ်စစ်ဓာတ်အား ထုတ်လုပ်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်မှ ပေါ်ပေါက်လာသော လျှပ်စစ်ဓာတ်အား သုံးစွဲသူများအပေါ် ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုကာကွယ်ရန် အရေးယူဆောင်ရွက်ချက်များအပါအဝင် သုံးစွဲသူ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေး သတ်မှတ်ပြဋ္ဌာန်းရေးအတွက် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ကြေညာချက်များ ထုတ်ပြန်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဌ) အဖြစ် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသော တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများအတွက် လျှပ်စစ်ဓာတ်အားနှုန်းထားများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပေါ်တွင် ဒေသဆိုင်ရာအခနှုန်းထားများကို ညှိနှိုင်းဆောင်ရွက်ပေးရန်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)မှ(၆၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၃) မှ (၆၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဥ) အဖြစ် တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စား လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အား အကျိုးသက်ရောက်မှု ထောက်ပံ့ရေး ရန်ပုံငွေဆိုင်ရာ မူဝါဒ လမ်းညွှန်ချက်များကို ချမှတ်ရန်၊ ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ၇(ဏ) အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က တာဝန်ပေးသည့်အတိုင်း လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ မူလအခန်း(၄) ပုဒ်မ ၅(ထ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(တ)အဖြစ် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များအနက်မှ စွမ်းရည်မြင့်ကဏ္ဍ၊ နည်းပညာပိုင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရ၏ အကြံဉာဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တောင်းခံရန်ဟု ဖြည့်စွက်သင့်ပါ တယ်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ထ) အဖြစ် ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်းများ အတွက် အခွန်အခပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စိစစ်၍ အစိုးရအဖွဲ့ ထံတင်ပြရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ဒ) အဖြစ် လျှပ်စစ်ဓာတ်အား ဆိုင်ရာ အမှတ်စဉ်(၆၅)လုပ်ကိုင်ခွင့်ရရှိသူသည် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရေးအတွက် တင်ပြချက်ကို စိစစ်ပြီး အစိုးရအဖွဲ့ထံသို့ တင်ပြရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၁)မှ(၆၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၁) မှ (၆၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၇(ခ)အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ရေးအတွက် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးရန်၊ လိုအပ်ပါက စစ်ဆေးရေးမှူးချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၈)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၈ အဖြစ်ကော်မတီ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များကြီးကြပ်ရေးအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်လျှောက်ထားချက်ကို စိစစ်၍ အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ လုပ်ကိုင်ခွင့် စည်းကမ်းချက်များကို လည်းကောင်း လိုက်နာစေရန် ကြီးကြပ်ခြင်း၊

(ဂ) ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိပြီး မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း

လုပ်ငန်းများကို လုပ်ကိုင်လိုကြောင်း တင်ပြလာပါကစိစစ်၍ အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဃ) ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများ အခွန်အခပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စိစစ်၍ အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

( င ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများမှ ငှားရမ်းသုံးစွဲ၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုကြောင်း လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( စ ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရေးအတွက် တင်ပြချက်ကို စိစစ်ပြီး အစိုးရအဖွဲ့ထံသို့ တင်ပြခြင်း၊

(ဆ) လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် တင်သွင်းလာသော အယူခံမှုကို ကြားနာခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၉) ဖြစ်ပါတယ်။ အခန်း(၆) ခေါင်းစဉ်အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၆၇)မှ(၆၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၆၇) မှ (၆၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇၀) ဖြစ်ပါတယ်။ အခန်း (၆)၊ ပုဒ်မ ၉ အဖြစ် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့ထံသို့ လျှောက်ထား ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၁) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၀ အဖြစ် အစိုးရအဖွဲ့သည် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့် အဖွဲ့အစည်းကမဆို လျှောက်ထားလာပါက လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၂) ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ အဖြစ် အစိုးရအဖွဲ့သည် လျှပ်စစ် ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင် သည်-

(က) လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ရန် ပျက်ကွက်ခြင်း၊

( ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ပါ စည်းကမ်းချက်များကို လိုက်နာ ကျင့်သုံးရန် ပျက်ကွက်ခြင်း ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၃) ဖြစ်ပါတယ်။ အခန်း (၇) ခေါင်းစဉ်အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၇၀)မှ(၇၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၀) မှ (၇၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇၄) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၂ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည်-

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အား တိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြု ပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင် အသုံးပြုရမည်၊ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်၊

(ဃ) လျှပ်စစ်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် နည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတွင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုအန္တရာယ် မရှိစေရန် ဆောင်ရွက်ရမည်၊

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန် အတွက် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓာတ်အားသုံးစွဲသူထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဇ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက် အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့်ရှိသည်၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာ ရမည်၊

(ည) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်းသုံးစွဲ၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်း ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၅) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၃ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက အစိုးရအဖွဲ့သို့ လျှောက်ထားနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၆) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၄ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့တွင် မှတ်ပုံတင်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၇၄)မှ(၇၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၄) မှ (၇၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇၇) ဖြစ်ပါတယ်။ အခန်း (၇)၊ ပုဒ်မ ၁၅ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၈) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ အဖြစ် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၇၉) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၇ အဖြစ် လျှပ်စစ်အန္တရာယ် ကာကွယ်မှုနှင့် ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်ချောင်း၊ ဆိပ်ကမ်း၊ ဆိပ်ခံတံတား၊ သင်္ဘောကျင်း၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်းမရှိစေရ၊

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့် ရရှိထားသည့် လုပ်ငန်းအား စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်မှုမရှိခြင်းကြောင့် ကြေးနန်း၊ စကားပြော ကြေးနန်း၊ သင်္ကေတသုံး လျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်း ရိုက်ရာတွင် အသုံးပြုနေသည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ် ဓာတ်အား ကူးဝင်စေခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မဖြစ်စေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၀) ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၈ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာ ရရှိစေရန်ဖြစ်စေ၊ ကိုယ်အင်္ဂါ တစ်ခုခု မသန်စွမ်းဖြစ်စေရန်ဖြစ်စေ၊ သေဆုံးစေရန်ဖြစ်စေ၊ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်စေခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် လျှပ်စစ်စစ်ဆေးရေး အဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၁) ဖြစ်ပါတယ်။ အခန်း (၈) ခေါင်းစဉ်အဖြစ် လျှပ်စစ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၂) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၉ အဖြစ် ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်စစ်ဆေးရေးအဖွဲ့ကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ စစ်ဆေးရမည့် ဒေသရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ဦးစီးမှူးများက အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်သော လျှပ်စစ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ဖြည့်စွက်သင့်ပါ တယ်။

အမှတ်စဉ် (၇၇)မှ(၈၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇၇) မှ (၈၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈၃) ဖြစ်ပါ တယ်။ အခန်း (၈)၊ ပုဒ်မ ၂၀ အဖြစ် လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူ နှင့်သက်ဆိုင်သောနေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်း ကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး

လျှပ်စစ် အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်များနှင့် ပတ်သက်၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျ တောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့် ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူ နေထိုင်ရာနေရာ၌ အသုံးပြုသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်း တို့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာ၊ သတ်မှတ်သည့် အဆောက်အအုံအတွင်းသို့ လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သုံးစွဲခြင်း ရှိ/ မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(ဆ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဇ) လျှပ်စစ်ပစ္စည်းကိရိယာစစ်ဆေးခများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဈ) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၃)ပါ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့် သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈၄) ဖြစ်ပါတယ်။ အခန်း (၈)၊ ပုဒ်မ ၂၁ အဖြစ် လျှပ်စစ်စစ်ဆေးရေး အဖွဲ့သည် မိမိအားအပ်နှင်းထား သည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း များကို ပြုလုပ် ဆောင်ရွက်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၅) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၂ အဖြစ် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ အများပြည်သူ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌ အသုံးပြုနေသော လျှပ်စစ် ဓာတ်အား ကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာ ဌာန တာဝန်ခံကို ညွှန်ကြားနိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၆) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၃ အဖြစ် လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန်ဒဏ်ရာရရှိခြင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့် ပတ်သက်၍ ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေးခွင့်ရှိ သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၈၇) ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၄ အဖြစ် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ အသုံးပြုသည့်ပစ္စည်း ကိရိယာများ မှန်ကန်မှု ရှိ/ မရှိ စသည့်ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် စနစ်တကျစစ်ဆေး၍ လျှပ်စစ်စစ်ဆေးရေး အဖွဲ့သည် အဆုံးအဖြတ်ပေးရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၈၄)မှ(၈၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၄) မှ (၈၇) ထိပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈၈)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၅ အဖြစ် ပုဒ်မ ၂၄ အရ လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ကြီးကြပ်ရေးအဖွဲ့ထံ အယူခံနိုင် သည်။ ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖြည့်စွက်သင့်ပါ တယ်။

အမှတ်စဉ်(၈၉) ဖြစ်ပါတယ်။ အခန်း(၅) ကို အခန်း( ၉)အဖြစ်၊ အခန်း(၆) ကို အခန်း (၁၀) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၀) ဖြစ်ပါတယ်။ အခန်း(၉) ခေါင်းစဉ်အဖြစ် လိုင်စင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများဟု ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၉၁) ဖြစ်ပါတယ်။ မူလ အခန်း(၅) ပုဒ်မ ၆ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၉၂) ဖြစ်ပါတယ်။ ပုဒ်မ ၇ ကို ပုဒ်မ ၂၆ အဖြစ်၊ ပုဒ်မ ၈ ကို ပုဒ်မ ၂၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၈၈)မှ(၉၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၈၈) မှ (၉၂) ထိ ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၉၃)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၆ အဖြစ် ပြည်နယ်အဆင့် လျှပ်စစ် ဓာတ်အားဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ-

(က) ပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ၃၀ မဂ္ဂါဝပ်နှင့်အောက် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ဆောင်ရွက်ရန် စီမံကိန်း လုပ်ငန်းရှင်သည် ဝန်ကြီးဌာန၏ လိုင်စင်ကိုရယူ၍ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရမည်။

( ခ) ဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းဆောင်ရွက်ချက်ကို ကြီးကြပ်၍စည်းမျဉ်း စည်းကမ်းနှင့် မညီညွတ်သည့် လုပ်ငန်းများကို ရပ်သိမ်းနိုင်သည်။

( ဂ) ပြည်နယ်အဆင့်စီမံကိန်းများမှ မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုပါက စီမံကိန်းလုပ်ငန်းရှင်သည် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနထံ လျှောက်ထားခွင့်ပြုချက်ရယူရမည်။ လက်ခံနိုင်သည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ထားသည့် သို့မဟုတ် အဆင့်မြှင့်တင်ထားသည့် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စီမံကိန်းများကို ပြည်ထောင်စု၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဝန်ကြီးဌာနသည် ပြည်နယ်အဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပို့လွှတ်ခြင်း စီမံကိန်းများအတွက် ပြည်ထောင်စုလျှပ်စစ်ဥပဒေ စံချိန်စံညွှန်းများ နှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၉၃)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များ အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၉၃) ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၉၄)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၇ အဖြစ် တစ်နိုင်တစ်ပိုင်လျှပ်စစ် ဆိုင်ရာလုပ်ငန်းများ-

(က) ၅၀၀ ကီလိုဝပ်အထိ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးစီမံကိန်းများတွင် အကျိုးစီးပွား မပါရှိပါက မှတ်ပုံတင်ဆောင်ရွက် ရမည်။ အကျိုးစီးပွားအတွက် အခကြေးငွေရယူ၍ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချပါက လိုင်စင်ရယူရမည်။

(ခ) တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများသည် ဝန်ကြီးဌာန၏ လျှပ်စစ် ဓာတ်အား လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက် စုဆောင်းမှုတွင် ပါဝင်ရေး အတွက် ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနမှ တာဝန်ပေးသည့်ရုံးများကို ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအား သတင်းအချက်အလက်ပေးပို့ရမည်။

(ဂ) မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်ဆန္ဒရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ် ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးဌာနမှ မဟာဓာတ်အား လိုင်း အပြန်အလှန် ချိတ်ဆက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးရမည်ဟု ပြင်ဆင် ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၉၄)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များ အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၄) ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၉၅)ဖြစ်ပါတယ်။ အခန်း (၁၀) ခေါင်းစဉ်အဖြစ် **လိုင်စင်များ**ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၆) ဖြစ်ပါတယ်။ ပုဒ်မ ၉ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၂၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၉၇) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၈ အဖြစ် ရှမ်းပြည်နယ်တွင် အောက်ပါလျှပ်စစ်ဓာတ်အား လုပ်ငန်းဆောင်ရွက်ရန် ဆန္ဒရှိသူ တစ်ဦးသည် ကိစ္စရပ်တစ်ခုချင်းစီအလိုက် လိုင်စင်တစ်ခုရရှိရန် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သည့် သက်ဆိုင်ရာရုံးသို့ လျှောက်ထားရမည်(က) ထုတ်လုပ်ခြင်း၊ (ခ) ပို့လွှတ်ခြင်း၊ (ဂ) ဖြန့်ဖြူးခြင်း၊ (ဃ) မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ခြင်းမရှိသော နယ်စပ်ဒေသများတွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ လျှပ်စစ်ဓာတ်အားကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၈) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ အဖြစ် ဝန်ကြီးဌာနသည် လိုင်စင် လျှောက်ထားရန် စည်းမျဉ်း၊ စည်းကမ်းများအရ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးရ မည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉၉) ဖြစ်ပါတယ်။ အခန်း (၁၀)၊ ပုဒ်မ ၃၀ အဖြစ် လျှောက်ထားသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လျှောက်ထားရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၀) ဖြစ်ပါတယ်။ ပုဒ်မ ၁၁ ကို ပုဒ်မ ၃၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၉၅)မှ(၁၀၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၉၅) မှ (၁၀၀) ထိ ပါဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၀၁) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၁ အဖြစ် ခွင့်ပြုမိန့်အရ ထုတ်ပေးသည့်လုပ်ငန်းလိုင်စင်တွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းအလိုက် သတ်မှတ်ထားသော အချက်အလက်များအပါအဝင် အောက်ပါတို့ပါဝင်ရမည်-

(က) ခွင့်ပြုမိန့်ရရှိသူ၏ အမည်နှင့် လိပ်စာ၊

( ခ) ခွင့်ပြုမိန့် သက်တမ်း၊

( ဂ) ခွင့်ပြုမိန့်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊

(ဃ) နှုန်းထားများနှင့် အခကြေးငွေများကို ဆုံးဖြတ်ရန် အခြေခံအချက်၊

( င) ခွင့်ပြုမိန့်ရရှိသူ၏ အစီရင်ခံစာအတွက် လိုအပ်ချက်များ၊

( စ) လုပ်ငန်းဆောင်ရွက်သည့် နယ်မြေဒေသ၊

(ဆ) ဝန်ကြီးဌာနမှ သတ်မှတ်သော နည်းပညာ၊ ငွေရေးကြေးရေး နှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀၂) ဖြစ်ပါတယ်။ မူလ အခန်း(၆) ပုဒ်မ ၁၂ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၃) ဖြစ်ပါတယ်။ ပုဒ်မ ၁၃ ကို ပုဒ်မ ၃၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၄) ဖြစ်ပါတယ်။ အခန်း (၁၀)၊ ပုဒ်မ ၃၂(ဈ) အဖြစ် အဆိုပြုသည့် လုပ်ငန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ တည်ရှိပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သဘောထားနှင့် ထောက်ခံတင်ပြချက်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၀၅) ဖြစ်ပါတယ်။ မူလအခန်း(၆) ပုဒ်မ ၁၄ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၀၁)မှ(၁၀၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၀၁) မှ (၁၀၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၀၆) ဖြစ်ပါတယ်။ ပုဒ်မ ၁၅ ကို ပုဒ်မ ၃၃ အဖြစ်၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၃၄ အဖြစ်၊ ပုဒ်မ ၁၇ကို ပုဒ်မ ၃၅ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၃၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၀၇) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၃ အဖြစ် ဝန်ကြီးဌာနသည် လျှောက်ထားသူအနေဖြင့်အောက်ပါအချက်အလက်များကိုလိုက်နာရန် ပျက်ကွက်နိုင်သည်ဟု အထောက်အထားရှိနေသည့်လုပ်ငန်းဆောင်ရွက်မှု တစ်ရပ်အတွက် လိုင်စင်ထုတ်ပေးခြင်း မပြုရ-

(က) သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ရေအရင်းအမြစ်များ သို့မဟုတ် ရေအသုံးချမှုဆိုင်ရာ အခွင့်အရေးများကို ခွဲဝေသုံးစွဲရာတွင် အဓိကသက်ဆိုင်သည့် လူမှုအသိုင်းအဝိုင်းများထံမှ သဘောတူခွင့်ပြုချက်ရရှိရန် လိုအပ်ချက်၊

( ခ) အကျိုးဝင် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရယူသုံးစွဲသူအား ကာကွယ်စောင့်ရှောက်ရေး၊ အများပြည်သူ လုံခြုံရေးစံချိန်စံညွှန်းများနှင့် လိုအပ်ချက်များ၊

( ဂ) ဝန်ကြီးဌာနမှလုပ်ငန်းလိုင်စင်ထုတ်ပေးရန် သတ်မှတ်ပေးထားသော စည်းမျဉ်းစည်းကမ်းနှင့် အထောက်အထားများ ပြည့်စုံမှုမရှိခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၀၆)မှ (၁၀၇)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၀၆) မှ (၁၀၇)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၀၈) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၄ အဖြစ် ဝန်ကြီးဌာနသည် ဤဥပဒေနှင့်အညီ လိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းပြီး ထုတ်ဝေရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀၉) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၅အဖြစ် ဝန်ကြီးဌာနသည် လိုင်စင်ရရှိသူများမှ လိုင်စင်တွင် ပါရှိသည့် စည်းကမ်းချက်များ သို့မဟုတ် ဤဥပဒေအရ

ပြဋ္ဌာန်းသည့် နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက လိုင်စင်ကို ဆိုင်းငံ့ ထားနိုင်သည်၊ ပြောင်းလဲနိုင်သည် သို့မဟုတ် ရုပ်သိမ်းနိုင်သည်-

(က) အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအကျိုးစီးပွားကို ထူးခြားစွာ ဆုံးရှုံးနစ်နာစေသည့် ထိခိုက်မှု၊

( ခ) နေရာဒေသတစ်ခုတွင် ဖောက်ဖျက်မှုတစ်ရပ်အား ထပ်ခါတလဲလဲ ပေါ်ပေါက်ခြင်း သို့မဟုတ် အချိန်တစ်ရပ်ရပ်ထိ ဆက်လက်ပေါ်ပေါက်နေခြင်း သို့မဟုတ် ဝန်ကြီးဌာနက ယင်းသို့ဖောက်ဖျက်သည့် အကျိုးသက်ရောက်မှုကြောင့် လိုင်စင်ရရှိသူသည် ယင်း၏ ဆောင်ရွက်ရန် တာဝန်များကို ဖြည့်ဆည်းရန် မစွမ်းဆောင်နိုင်ဟု ဆုံးဖြတ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၀၈)မှ(၁၀၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၀၈)မှ (၁၀၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၁၀) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၆ အဖြစ် ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့်လိုင်စင်တွင်ပါရှိသည့် စည်းကမ်းချက်များကို ပြင်ဆင်သတ်မှတ်နိုင်သည်။ သို့သော် -

(က) လိုင်စင်ရရှိသူထံသို့ ပြင်ဆင်သတ်မှတ်ချက်ကို အကြောင်းကြားရမည်။

( ခ) ပြင်ဆင်သတ်မှတ်ချက်များသည် အများပြည်သူနှင့် လိုင်စင်ရရှိသူတို့၏ နစ်နာမှုများအား ပြေလည်စွာ ညှိနှိုင်းဆောင်ရွက်မှုအရ ဖြစ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁၁) ဖြစ်ပါတယ်။ မူလ အခန်း(၆) ပုဒ်မ ၁၉ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၂) ဖြစ်ပါတယ်။ ပုဒ်မ ၂၀ ကို ပုဒ်မ ၃၇ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၃၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁၁၀)မှ(၁၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁၀)မှ (၁၁၂)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၁၃) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၇ အဖြစ် လိုင်စင်ရရှိသူသည် ဤဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း သို့မဟုတ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပေါ့လျော့ခြင်း တို့ကြောင့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်သည် နစ်နာဆုံးရှုံးမှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခဲ့လျှင် တည်ဆဲဥပဒေများနှင့်အညီ တာဝန်ရှိစေရမည်ဟု ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ်(၁၁၄) ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၃၈အဖြစ် လိုင်စင်ရရှိသူသည် သဘာဝဘေးအန္တရာယ်များ၊ မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်တွင် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါက တာဝန် မရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁၅) ဖြစ်ပါတယ်။ မူလအခန်း(၇) လျှပ်စစ်ဓာတ်အား အကျိုးသက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၆) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၂ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၇) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၈) ဖြစ်ပါတယ်။ မူလအခန်း(၇) ပုဒ်မ ၂၄ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၁၉) ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၂၅ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၁၃)မှ(၁၁၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၁၃) မှ (၁၁၉)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ ခနနေကအဓိပ္ပာယ်ဖွင့်ဆိုချက်မှာကတည်းက မဲခွဲဆုံးဖြတ်တာ ရှုံးခဲ့တဲ့အတွက် ဆက်ဆွေးနွေးလည်း အောင်မြင်ဖို့လမ်းမမြင်ပါဘူး။ ဒါပေမဲ့လည်း ဒါနဲ့ ပတ်သက်ပြီးတော့ အမှတ်စဉ်(၆၁)၏ အခန်း(၅) ပုဒ်မ၇ (ဃ)မှာ တစ်နိုင်တစ်ပိုင် အလတ်စားနှင့် အသေးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏လျှပ်စစ်ဓာတ်အားအကျိုးသက်ရောက်မှု ထောက်ပံ့ရေးရန်ပုံငွေဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ချမှတ်ရန်၊ ကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်လို့ ပါရှိပြီးဖြစ်သည့်အတွက် ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ရန် ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ထောက်ခံတာလား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဟုတ်ကဲ့၊ ထောက်ခံတာပါခင်ဗျား။

**ဥက္ကဋ္ဌ။** ထောက်ခံတဲ့အတွက် အမှတ်စဉ်(၁၁၃)မှ (၁၁၉)ထိ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ပါတယ်။ အတည်ဖြစ်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂၀) ဖြစ်ပါတယ်။ အခန်း (၁၁) ခေါင်းစဉ်အဖြစ် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၁) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၃၉ အဖြစ် အောက်ပါအချက်များ အား လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းများရှိပါက စီမံခန့်ခွဲရေး နည်းလမ်း အရ အရေးယူ ဆောင်ရွက်နိုင်သည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်ထားရှိသည့် တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများသည် စီးပွားရေးအကျိုးအလို့ငှာ ဆောင်ရွက်ခြင်း၊

(ဂ) သဘောတူထားရှိသည့် စံချိန်စံညွှန်းများအား ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဃ) နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများတွင် ပါဝင်သည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၀)မှ(၁၂၁)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၀) မှ (၁၂၁)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂၂) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၀ အဖြစ် ကြီးကြပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍လိုအပ်ချက်များကိုဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်းဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၃) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၁ အဖြစ် စီမံခန့်ခွဲရေးနည်းလမ်း အရ အရေးယူဆောင်ရွက်ချက်၊ အဆုံးအဖြတ်များအား အရေးယူခံရသူမှ တရားဥပဒေ ကြောင်းအရ ပြန်လည်၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၄) ဖြစ်ပါတယ်။ အခန်း(၁၁)၊ ပုဒ်မ ၄၂ အဖြစ် ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှု၊ အဆုံးအဖြတ်များကို လိုက်နာခြင်းမရှိပါက ဤဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအရဖြစ်စေ၊ တည်ဆဲဥပဒေများအရဖြစ်စေ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၂)မှ(၁၂၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၂) မှ (၁၂၄)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂၅) ဖြစ်ပါတယ်။ အခန်း(၁၂)ခေါင်းစဉ်အဖြစ် **အယူခံခြင်း**ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၆) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၃အဖြစ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့်အရာရှိမှ ထုတ်ပြန်သည့် အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို မကျေနပ်ပါက ထိုသူသည် ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်ပိုင်ခွင့် ရှိသည်။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် အရာရှိမှ ထုတ်ပြန်သည့် အဆိုပါ စည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးဌာနသို့ တင်သွင်းရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၇) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၄ အဖြစ် ဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ စည်းမျဉ်း စည်းကမ်း၊ ထုတ်ပြန် ကြေညာချက် သို့မဟုတ် လုပ်ထုံး လုပ်နည်း တစ်ရပ်ရပ်ကို မကျေနပ်ပါက ထိုသူသည် အစိုးရအဖွဲ့သို့ အယူခံဝင်ရောက်ပိုင်ခွင့်ရှိသည်။ ဝန်ကြီးဌာနက ထုတ်ပြန်သည့် အဆိုပါစည်းမျဉ်းစည်းကမ်း၊ ထုတ်ပြန်ကြေညာချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့သို့ တင်သွင်းရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၂၈) ဖြစ်ပါတယ်။ အခန်း(၁၂)၊ ပုဒ်မ ၄၅ အဖြစ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၅)မှ(၁၂၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၅) မှ (၁၂၈)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂၉) ဖြစ်ပါတယ်။ အခန်း(၁၃) ခေါင်းစဉ်အဖြစ် တားမြစ်ချက်များဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၀) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၆ အဖြစ် မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှစ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၁) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၇ အဖြစ် မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ခာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၂) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၈ အဖြစ် မည်သူမျှ-

(က) အန္တရာယ်ဖြစ်စေနိုင်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း၊ အသုံးပြုခြင်း မပြုရ၊

( ခ) တည်ဆဲဥပဒေများအရ စစ်ဆေးခြင်းကို ငြင်းဆန်ခြင်း မပြုရ၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ခွင့်ပြုမိန့်မရှိဘဲ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို စီးပွားရေးအကျိုးအလို့ငှာ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ။

(င) မှတ်ပုံတင်ထားခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၃) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၄၉ အဖြစ် ခွင့်ပြုမိန့်ရရှိသူ မည်သူမျှခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၄) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၀ အဖြစ် မည်သူမျှ ခွင့်ပြုချက် မရှိဘဲတည်ဆောက်ပြီးစီးသည့် လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းထိခိုက်ပျက်စီးဆုံးရှုံးစေမည့် လုပ်ငန်းများမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၅) ဖြစ်ပါတယ်။ အခန်း(၁၃) ၊ ပုဒ်မ ၅၁ အဖြစ် မည်သူမျှ-

(က) ခွင့်ပြုထားသောလျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးရေးစနစ်ကို တစ်နည်းနည်းဖြင့် အကျိုးဖျက်ဆီးခြင်းမပြုရ၊

(ခ) ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် သွယ်တန်းရယူခြင်း၊ အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၂၉)မှ(၁၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၂၉) မှ (၁၃၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၃၆) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၂ အဖြစ် မည်သူမဆို အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ အလတ်စား သို့မဟုတ် အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၇) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၃ အဖြစ် မည်သူမျှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရဟု ဖြည့်စွက်သင့် ပါတယ်။

အမှတ်စဉ်(၁၃၈) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၄ အဖြစ် ခွင့်ပြုချက်မရရှိဘဲ မည်သူကိုမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၏ခွင့်ပြုမိန့်မရရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့်လွှဲပြောင်းပေးအပ်ခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၃၉) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၅ အဖြစ် မည်သူမျှ ခွင့်ပြုချက် မရှိဘဲ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၀) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၆ အဖြစ် မည်သူမဆို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ခြင်းမရှိသော နယ်စပ်ဒေသများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ

လျှပ်စစ်ဓာတ်အား ကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ခြင်းများအား မှတ်ပုံမတင်ဘဲ သို့မဟုတ် လိုင်စင်ရရှိခြင်းမရှိဘဲ မပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၃၆)မှ(၁၄၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၃၆) မှ (၁၄၀)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၄၁) ဖြစ်ပါတယ်။ အခန်း(၁၃)၊ ပုဒ်မ ၅၇ အဖြစ် ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်းတီးခြင်း၊ အသုံးပြုခြင်းမပြုရဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၂) ဖြစ်ပါတယ်။ အခန်း(၈)ကို အခန်း (၁၄)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၄၃) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၅၈ အဖြစ် မည်သူမဆို ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၄) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၅၉ အဖြစ် မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ (၃)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၅) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၀ အဖြစ် မည်သူမဆို ပုဒ်မ ၄၉ နှင့် ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၁)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၆) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၁ အဖြစ် မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ် နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၄၁)မှ(၁၄၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြု ချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၄၁) မှ (၁၄၆)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၄၇) ဖြစ်ပါ တယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၂ အဖြစ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၅၂၊ ၅၃၊ ၅၄၊ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး (၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၄၈) ဖြစ်ပါတယ်။ ပုဒ်မ ၂၆ ကို ပုဒ်မ ၆၃ အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ်(၁၄၉) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၃ အဖြစ် မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၅၀) ဖြစ်ပါတယ်။ မူလ အခန်း(၈) ပုဒ်မ ၂၇ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၁) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၄ အဖြစ် မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင်ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၂) ဖြစ်ပါတယ်။ အခန်း(၁၄)၊ ပုဒ်မ ၆၅ အဖြစ် မည်သူမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်ဒဏ်အတိုင်းချမှတ်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၃) ဖြစ်ပါတယ်။ မူလ အခန်း(၉) နစ်နာကြေးနှင့် အယူခံခြင်းကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၄) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၁၄၇)မှ(၁၅၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၄၇) မှ (၁၅၄)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၅၅) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၉ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၆) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၃၀ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၇) ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၃၁ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၅၈) ဖြစ်ပါတယ်။ အခန်း(၁၀)ကို အခန်း(၁၅)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၅၉) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၆ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၀) ဖြစ်ပါတယ်။ ပုဒ်မ ၃၄ ကို ပုဒ်မ ၆၇ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၇၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၆၁) ဖြစ်ပါတယ်။ မူလ အခန်း(၁၀) ပုဒ်မ ၃၃ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၂) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၇ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များနှင့်သာလျှင် အကျုံးဝင်သက်ဆိုင်သည်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၁၅၅)မှ(၁၆၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၅၅) မှ (၁၆၂)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၆၃) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၈ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုက ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆၄) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၆၉ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီဝင်များ သို့မဟုတ် ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူခြင်း မရှိစေရဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၆၅) ဖြစ်ပါတယ်။ အခန်း(၁၅)၊ ပုဒ်မ ၇၀ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၆၃)မှ(၁၆၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၁၆၃) မှ (၁၆၅)ထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ (၁၇.၁၂.၂၀၁၈) ရက်နေ့တွင် တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်လျှပ်စစ်ဥပဒေ(မူကြမ်း)ကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။